# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 10, 2019 Volume 19, Number 7


**၁၀.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/ ကျပ် |
| CBM Rate | = ၁၅၃၁.၆/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၂.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၄.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၃၇ ကျပ် |

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တရုတ်နိုင်ငံသို့ ပို့ကုန်လျော့နည်းသော်လည်း သွင်းကုန်တန်ဖိုး ၇ ရာခိုင်နှုန်းခန့် တိုးတက်

ဆန်အပါအဝင် လယ်ယာထွက်ကုန်များ နယ်စပ်မှ တရုတ်သို့ တင်ပို့မှု ယခုဘဏ္ဍာရေးနှစ်တွင် လျော့နည်းသော်လည်း သွင်းကုန်တန်ဖိုးသည် ပြီးခဲ့သည့်



ဘဏ္ဍာနှစ် ကာလတူ ခုနစ်လနှင့် နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်းခန့် တိုးတက်လာသည်။ ၂၀၁၈ အောက်တိုဘာ ၁ ရက်မှ ယခုနှစ် ဧပြီ ၂၄ ရက်အထိ မြန်မာနယ်စပ် တရုတ်နိုင်ငံမှသွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁ဒသမ ၀၅ ဘီလီယံကျော် ရှိသည်။

အဆိုပါ ပမာဏကပြီးခဲ့သည့်နှစ် ကာလတူထက် ဒေါ်လာသန်း ၇၀ ခန့်ပိုများကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများတွင် ဖော်ပြထားသည်။

သွင်းကုန်ပမာဏ တိုးတက်လာသော်လည်း မြန်မာနိုင်ငံမှ တရုတ်သို့ ပို့ကုန်တန်ဖိုးသည် ခုနစ်လအတွင်း ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၅၀၀ ကျော် လျော့နည်းသည်။ ယခုဘဏ္ဍာနှစ် ခုနစ်လအတွင်း ဒေါ်လာ ၂,၅၆၅ သန်းရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူတွင် ဒေါ်လာ ၃,၀၇၇ သန်းရှိသည်။ ပို့ကုန်မှာ ယခင်နှစ်ထက် လျော့နည်းသော်လည်း နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာက ဒေါ်လာသန်း ၁,၅၀၀ ကျော် အသာရနေဆဲ ဖြစ်သည်။

ပို့ကုန်ပမာဏ လျော့နည်းရခြင်းသည် ဆန်အပါအဝင် လယ်ယာထွက်ကုန်များကို တရုတ်အစိုးရက တင်သွင်းရန် တားမြစ်ထားခြင်းကြောင့်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ခုနစ်လအတွင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး တန်ဖိုးသည် ဒေါ်လာ ၃ ဒသမ ၆ ဘီလီ ယံကျော်ရှိပြီး ယခင်နှစ်ကာလတူ ထက် ဒေါ်လာသန်း ၅၀၀ ခန့် လျော့နည်းသည်။

သွင်းကုန် တိုးလာခြင်းကြောင့် မူဆယ်–ရန်ကုန် ကုန်စည်ပို့ဆောင်ခနှုန်း

မြင့်တက်လာစေကြောင်း အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဂင်းအောင်ခန့်က ပြောသည်။ "အတက်ကုန်နည်းပြီး အဆင်းကုန်ပဲများနေတော့ ဈေးတက်တဲ့ သဘောပါ"ဟု ၎င်းက ပြောသည်။ လက်ရှိ မူဆယ်မှရန်ကုန် ကုန်စည်ပို့ဆောင်ခ ကုန်တစ်တန်လျှင် ပျမ်းမျှကျပ် တစ်သိန်းကျော်ဈေးရှိသည်။ မြန်မာ- တရုတ် နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်ရှိလျှင် မူဆယ်–ရန်ကုန် ကုန်စည် ပို့ဆောင်ခ ဈေးနှုန်း ကုန်စည်တစ်တန်လျှင် ကျပ်လေးသောင်းကျော်သာ ဈေးရှိသည်။ မူဆယ်မှ ရန်ကုန်သို့ ကုန်စည်စီးဆင်းမှုက တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၂၅၀ မှ ၃၀၀ ခန့်ရှိကြောင်း ဦးဂင်းအောင်ခန့်က ပြောသည်။

**Source:** http://www.7daydaily.com/story/155686

## မြန်မာ့ဒန့်သလွန်ကို ဝယ်ယူရန် ပြည်ပနိုင်ငံက ဆက်သွယ်ထားသော်လည်း ထုတ်လုပ်နိုင်မှုအင်အား မရှိသေး

မြန်မာ့ဒန့်သလွန်က ထွက်ရှိသည့် အရွက်၊ အမှုန့်၊ အဆီများကို ဝယ်ယူရန် တရုတ်၊ မလေးရှား၊ ဂျပန်၊ အမေရိကန်နိုင်ငံများမှ ဆက်သွယ်ထားသော်လည်း ထုတ်လုပ်နိုင်မှု အင်အားမရှိသေးကြောင်း ဒန့်သလွန်၊ ရဲယိုအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကို၏ ပြောကြားချက် အရသိရသည်။

လက်ရှိမြန်မာတစ်နိုင်ငံလုံးတွင် ဒန့်သလွန်စိုက်ဧက ၂၀၀ ခန့်သာရှိပြီး စိုက်ပျိုးတောင်သူများအား စိုက်ပျိုးနိုင်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ "တရုတ်၊ မလေးရှား၊ ဂျပန်ကို နမူနာပို့ထားတယ်။ အမေရိကန်ကလည်း ဆက်သွယ်ထားတယ်။ ကိုယ့်ဘက်က ပစ္စည်းများများ မထုတ်လုပ်နိုင်တော့ အများကြီးပြောလို့ မရသေးဘူး။ ကိုယ့်နိုင်ငံထုတ်လုပ်မှု အင်အားက ခုမှ ဧကများများစိုက်အောင် အသင်းကနေ အသိပေးတုန်းရှိသေးတယ်" ဟု ဥက္ကဋ္ဌ ဦးမြင့်ကိုက ပြောကြားသည်။

အဆိုပါ ဒန့်သလွန်အရွက်နှင့် အမှုန့်များကို တခြားနိုင်ငံများတွင် ဖြည့်စွက်စာအဖြစ် ကျယ်ပြန့်စွာ အသုံးပြုမှုများ ရှိပြီး ကုန်သွယ်ရေးပြပွဲများတွင် ဒန့်သလွန်နှင့် ရဲယိုအခြောက်များသည် နိုင်ငံခြားသားစိတ်ဝင်စားမှု အများဆုံး ဖြစ်ပြီး နမူနာ ဝယ်ယူမှုများရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ရရှိသည့်အချက်အလက်အရ ဂျပန်နိုင်ငံ၊ ထိုင်ဝမ်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ဝယ်ယူရန်ကမ်းလှမ်းမှုများရှိနေပြီး လက်ရှိအခြေအနေတွင် ပြည်တွင်း၌ သုံးစွဲမှုသာ ထုတ်လုပ်နိုင်ရာ စိုက်ပျိုးတောင်သူ နည်းပါးနေကြောင်း သိရသည်။ "ဒီပစ္စည်းမျိုးက ဒီမှာမသုံးဖူးကြဘူး။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံး စွန့်ဦးတီထွင်တာဆိုတော့ အခုမှ စသုံးကြတုန်းပဲရှိသေးတယ်။ ရောင်းအားက အများကြီးမဖြစ်သေးပါဘူး" ဟု ဒန့်သလွန်၊ ရဲယိုအစုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ကိုက ပြောကြားသည်။

လက်ရှိတွင် ဒန့်သလွန်အရွက်၊ အမှုန့်၊ အတောင့်၊ အစေ့အဆီနှင့် ကြိတ်ဖတ်ထုတ်လုပ်နေပြီးနောက်ပိုင်းတွင် လက်ဖက်ခြောက်နှင့် ရေမွှေးထုတ်လုပ်သွားဖို့ရှိကာ အမှုန့်တစ်ကီလိုဂရမ် ကျပ် ၆၀၀၀၀ ဈေးရှိပြီး ၁၀ မီလီ ကျပ် ၅၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိကာ ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်းရှိ စနေ၊ တနင်္ဂနွေဈေးနှင့် Moringa အမည်ဖြင့် Online တွင် ဝယ်ယူနိုင်သည်ဟု ဒန့်သလွန်၊ ရဲယို အစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကို၏ ပြောကြားချက် အရ သိရသည်။

**Source:** NEWS https://news-eleven.com/article/106607

## တစ်ပတ်အတွင်း ကမ္ဘာ့ရေနံဈေး သုံးရာခိုင်နှုန်းကျော်ပြန်ကျသော်လည်း ပြည်တွင်းစက်သုံးဆီဈေးများ သိသိသာသာလိုက်ပါကျဆင်းမှုမရှိဘဲ ယခင်အမြင့်ဈေးနှုန်းများအတိုင်း ဆက်လက်ရောင်းချနေ

တစ်ပတ်အတွင်း ကမ္ဘာ့ရေနံဈေးနှုန်း သုံးရာခိုင်နှုန်းကျော် ပြန်ကျသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ သိသိသာသာ လိုက်ပါကျဆင်းမှုမရှိဘဲ ယခင်အမြင့်ဈေးအတိုင်း ဆက်လက်ရောင်းချနေကြောင်း စက်သုံးဆီ အရောင်းဆိုင် များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရ သိရသည်။




ကမ္ဘာ့ရေနံဈေးသည် ဧပြီ ၂၃ ရက်တွင် တစ်စည် ၆၆ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ပြီးနောက် မေ ၁ ရက်တွင် ၆၃ ဒေါ်လာဝန်းကျင်၊ မေ ၇ ရက်တွင် ၆၁ ဒေါ်လာဝန်းကျင်အထိ တစ်ပတ်အတွင်း သုံးရာခိုင်နှုန်း ကျော် ပြန်ကျခဲ့ သည်။ ပြည်တွင်းစက်သုံးဆီဆိုင် အများစုသည် အဆိုပါရက်သတ္တပတ်အတွင်း ဒီဇယ်နှင့် ပရီမီယံ ဒီဇယ်ဈေးနှုန်းကိုသာ တစ်လီတာ ၁၀ ကျပ် လျှော့ချပြီး 92 Ron နှင့် 95 Ron ဈေးနှုန်းများကို မေလဆန်းက မြှင့်တင်ခဲ့သည့် ဈေးနှုန်းများအတိုင်း မေ ၉ ရက်အထိ ရောင်းချနေခြင်း ဖြစ်သည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ဇန်နဝါရီလဆန်းမှ မတ်လဆန်းအထိ ငါးလဝန်းကျင်အတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ကျပ် ၂၄၀ အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၄ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ သိရသည်။

မေ ၉ ရက်တွင် ပြည်တွင်းစက်သုံးဆီဆိုင် အချို့တွင် ရောင်းချနေသောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၁၀၀၀ ကျပ် (တစ်ဂါလန် ၄၅၄၆ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ၁၀၁၀ ကျပ် (တစ်ဂါလန် ၄၅၉၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၉၀၀ (တစ်ဂါလန် ၄၀၉၁ ကျပ်) အောက်တိန်း 95 Ron တစ်လီ တာ ကျပ် ၉၇၀ (တစ်ဂါလန် ကျပ် ၄၄၁၀) ဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၃ ရက်တွင် ဖြစ်ပေါ်ခဲ့သော စက်သုံးဆီဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဒီဇယ်တစ်လီတာ ကျပ် ၁၅၀၊ ပရီမီယံဒီဇယ်တစ်လီတာ ၁၅၅ ကျပ်၊ 92 Ron တစ်လီတာ ကျပ် ၂၃၀၊ 95 Ron တစ်လီတာ ကျပ် ၂၄၀ အထိ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ငါးလဝန်းကျင်အတွင်း ဒီဇယ်ဆီ ၁၈ ဒသမ ၂၃ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၈ ဒသမ ၁၂ ရာခိုင်နှုန်း၊ 92 Ron ၃၄ ဒသမ ၃၂ ရာခိုင်နှုန်း၊ 95 Ron ၃၂ ဒသမ ၈၇ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ဒုတိယပတ်မှစတင်၍ ကမ္ဘာ့ရေနံဈေးနှုန်း သိသိသာသာ စတင်မြင့်တက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လဆန်းပိုင်းက ၄၉ ဒေါ်လာဝန်းကျင်ရှိသော ကမ္ဘာ့ရေနံဈေးနှုန်းသည် တဖြည်းဖြည်း ဆက်တိုက်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိမြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင်ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၇၃၀ ကျပ် (တစ်ဂါ လန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

**Source:** https://news-eleven.com/article/106543

## အိန္ဒိယ၏ ပေါ်လစီအပြောင်းအလဲနှင့် မြန်မာပဲဈေးကွက်အခြေအနေ

လယ်ယာကဏ္ဍကို အခြေခံထားသည့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်အများအပြား တင်ပို့နေသည် သာမကဘဲ ပဲမျိုးစုံကိုလည်း တင်ပို့ရောင်းချမှုရှိနေသည်။ ထိုကဲ့သို့ ပဲမျိုးစုံတင်ပို့ရောင်းချနေရာတွင် မြန်မာ့ပဲဈေးကွက်မှာ အိန္ဒိယနိုင်ငံကိုသာ အဓိကအားထားနေရသည်မှာ ကာလအတော် ကြာပြီဖြစ်သည်။



အိန္ဒိယနိုင်ငံဈေးကွက်ကိုသာ အားထားနေရသည့် မြန်မာ့ပဲဈေးကွက်မှာ ကျဉ်းမြောင်းလှသည်။ ပဲတင်သွင်းမှုများပြားသည့် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများသို့လည်း ပဲတင်သွင်းနိုင်အောင် ကြိုးပမ်းကြရ မည်ဖြစ်သည်။ ထို့အပြင် ပဲတီစိမ်းကို ကမ္ဘာနှင့်အဝန်းစားသုံးလျက်ရှိရာ မြန်မာ့ပဲတီစိမ်းကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးစားအားထုတ်မှုများစွာ ပြုလုပ်ရမည်ဖြစ်သည်။

မြန်မာ့ပဲမျိုးစုံ ပြည်ပသို့တင်ပို့မှုနှင့် ပတ်သက်ပြီး အိန္ဒိယဈေးကွက်ကိုသာ လုံးလုံးလျားလျားမှီခို နေရခြင်းမှာ မြန်မာနိုင်ငံအတွက် ရေရှည်ရလဒ် ကောင်းနိုင်မည်မဟုတ်ပေ။ သာဓကတစ်ခုကို ကြည့်မည်ဆိုလျှင် ၂၀၁၇ ခုနှစ် ဩဂုတ်လခန့်က အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲဝယ်ယူမှုကို ကန့်သတ်လိုက်သည့်အတွက် မြန်မာနိုင်ငံ၏ပဲဈေးကွက်မှာ များစွာအထိနာခဲ့ရသည်။ ပဲအမျိုးမျိုးကို ဈေးနိမ့်ဝယ်ယူရောင်းချမှုများ မဖြစ်စေရေးအတွက် ရန်ကုန်ဈေးကွက်အပါအဝင် တစ်နိုင်ငံလုံးရှိ ပဲအရောင်းအဝယ်များကို ယာယီရပ်နား ခဲ့ရသည်။မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသည့် ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲတီစိမ်းတို့မှာ အိန္ဒိယနိုင်ငံဈေးကွက်ကိုသာ အဓိကထား တင်ပို့နေရခြင်းဖြစ်ပြီး ယခင်က တစ်နှစ်ကိုတန်ချိန် တစ်သန်းခွဲအထိ တင်ပို့နေရာမှ ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ ပဲတီစိမ်းနှင့် မတ်ပဲတန်ချိန် သုံးသိန်းစီသာ ဝယ်ယူတော့မည်ဟု အိန္ဒိယနိုင်ငံက ကန့်သတ်ခဲ့သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်သည် မြန်မာ့ပဲဈေးကွက်ကို လုပ်ခတ်စေခဲ့သည့်နှစ် ဖြစ်ခဲ့ရသည်မြန်မာ့ ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်နှင့်ဥရောပနိုင်ငံများက ဝယ်ယူလျက်ရှိရာတွင် အိန္ဒိယနိုင်ငံ၏ဝယ်ယူမှုက ၈၀ ရာခိုင်နှုန်း ရှိနေသည်။ လက်ရှိအချိန်တွင် အိန္ဒိယမှ မြန်မာ့ပဲကို ပြန်လည်ဝယ်ယူမည် ဖြစ်သောကြောင့် မေလမှ စတင်၍မြန်မာ့ပဲ ဈေးကွက်အလားအလာကောင်းမည့် အခြေအနေရှိနေကြောင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ဧပြီ ၂၇ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်သည့် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၂၆) ကြိမ်မြောက်တွင် ပြောဆိုသည်။အိန္ဒိယကို ပဲတင်ပို့သည့်နေရာတွင် အိန္ဒိယနိုင်ငံ၏ ပေါ်လစီအပြောင်းအလဲကြောင့် လွန်ခဲ့သည့် တစ်နှစ်ခွဲလောက်က မြန်မာနိုင်ငံဘက်မှ စိုက်ပျိုးသူရော၊ ရောင်းဝယ်သူပါ ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အိန္ဒိယက ဖွင့်ပေးသည့်အတွက်ကြောင့် ပဲဈေးများသည်လည်း တက်လာသည့် အနေအထားကြောင့် ကောင်းမွန်သည့် အလားအလာဖြစ်ကြောင်း၊ ပို့သည့်နေရာတွင် စနစ်တကျ ဖြစ်အောင် ဆက်လက်ပြီး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ တဖြည်းဖြည်း ပဲနှင့်ပတ်သက်ပြီး ယခုမေလမှနေစ၍ အလားအလာ ကောင်းလာသည်ဟုပြော၍ရကြောင်း

ဝန်ကြီးကပြောသည်။၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန် တစ်သိန်းခွဲ၊ပဲစင်းငုံတန်ချိန် နှစ်သိန်းနှင့် ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲဝယ်ယူမည်ဟု မတ် ၃၀ ရက်က အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက် ထွက်ရှိပြီးနောက်တွင် ပဲစင်းငုံနှင့် မတ်ပဲဈေးများ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ဧပြီ ၂၇ ရက်တွင် ပဲစင်းငုံအသစ် ၂၀၁၉ တစ်တန်လျှင် ကျပ်ဆယ်သိန်းနှစ်သောင်း၊ ပဲစင်းငုံအဟောင်း ၂၀၁၇/၂၀၁၈ တစ်တန်လျှင် ကျပ်ကိုးသိန်းနှစ်သောင်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ အဆိုပါ ကြေညာချက် မထွက်ရှိခင်က ပဲစင်းငုံအသစ် တစ်တန်လျှင် ကျပ်ရှစ်သိန်းရှစ်သောင်း ၊ ပဲစင်းငုံအဟောင်းတစ်တန်လျှင် ကျပ်ခုနစ်သိန်းရှစ်သောင်း ရှိခဲ့ကြောင်းသိရသည်။ ထို့အတူ မတ်ပဲဈေးနှုန်းများသည်လည်း ကြေညာချက်ထွက်ရှိပြီးချိန်တွင် မတ်ပဲအဟောင်းတစ်တန်လျှင် ကျပ်ရှစ်သိန်း၊ မတ်ပဲ အသစ်တစ်တန်လျှင် ကျပ်ရှစ်သိန်းတစ်သောင်းရှိခဲ့ပြီး ကြေညာချက် မထွက်ရှိခင်က မတ်ပဲအဟောင်း တစ်တန်လျှင် ကျပ်ခုနစ်သိန်း၊ မတ်ပဲအသစ် တစ်တန်လျှင် ကျပ်ခုနစ်သိန်းတစ်သောင်းရှိခဲ့ကြောင်း သိရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့ပဲများကို ပြည်ပသို့တင်ပို့ရာတွင် အိန္ဒိယနိုင်ငံကိုသာ အဓိကမှီခိုမနေဘဲ ကမ္ဘာ့ဈေးကွက်သို့ ချဲ့ထွင်ရန် လိုအပ်နေသည်။ ထိုကဲ့သို့ ဈေးကွက်ချဲ့ထွင်ရာတွင် အဓိကကျသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် သီးနှံဓာတ်ကြွင်းလျှော့ချနိုင်ရေးကိုလည်း ဆောင်ရွက်နေသည်ဟုသိရသည်။

မိမိတို့ဘက်ကထွက်သည့် ပဲအရည်အသွေး ကောင်းမွန်ရန်၊ ပိုးမွှားကင်းစင်ရန်၊ မျိုးကောင်းမျိုးသန့်ဖြစ်ရန် အဓိကကျကြောင်း၊ ယင်းအချက်များ ပြည့်စုံကောင်းမွန်မည်ဆိုပါက ကိုရီးယား၊ ဂျပန်နှင့် ထိုင်ဝမ်တို့ တော်တော် ကြိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။ လက်ရှိအချိန်တွင် တောင်သူများ အပါအဝင် ကုန်သည်ပွဲစားများကပါ အိန္ဒိယနိုင်ငံ၏ ပြီးခဲ့တဲ့နှစ်များကလို မူဝါဒ အပြောင်းအလဲကြောင့် မြန်မာ့ပဲလောကအတွက် နစ်နာမှုကြီးဖြစ်လာမည်ကိုစိုးရိမ် လျက်ရှိကြောင်း သိရသည်။ အိန္ဒိယ နိုင်ငံ၏ ပေါ်လစီ အပြောင်းအလဲနှင့် မြန်မာ့ပဲဈေးကွက် အခြေအနေမှာတိုက်ရိုက် ဆက်နွယ်နေသည်ဖြစ်ခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပေါ်လစီအပြောင်းအလဲကိုသာ စိုးတထိတ်ထိတ်နှင့် မျက်ခြည်မပြတ် စောင့်ကြည့်နေရမည် ဖြစ်သည်။ အိန္ဒိယတွင် မြန်မာ့ပဲဈေးကွက် မည်မျှအထိခိုင်မာမှုရှိနေမည်ကို စောင့်ကြည့်ရမည်ဖြစ်သလို အိန္ဒိယတစ်နိုင်ငံတည်းသို့ တင်ပို့မှုတွင်သာ ရောင့်ရဲကျေနပ်မနေဘဲ မြန်မာ့ပဲနှင့်ပတ်သက်၍ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်လည်း ကြိုးပမ်း ကြရဦးမည်ဖြစ်ကြောင်း တိုက်တွန်းရေးသား လိုက်ရပေသည်။

**Source:** Commercial Newshttps://www.facebook.com/SFJWeekly/posts/2406362566117688?__tn__=K-R

## ကျွဲနွားတွေ မူဆယ်နယ်စပ်မှာသောင်တင်၊ အရှုံးခံ ရောင်းနေကြရ

ကျွဲနွားတွေ တင်ပို့ရာမှာ တရုတ်ဘက်က အဝယ်မရှိတဲ့အတွက် လက်ရှိအချိန်အထိ လျှော့ဈေးနဲ့အရှုံးခံ ရောင်းချနေကြရပါတယ်။ တရုတ်ဘက်က တရားမဝင်ကုန်စည်တွေ ထိန်းချုပ်လာတဲ့အတွက် သည်နှစ် ဖေဖော်ဝါရီလဆန်းပိုင်း လောက်ကစပြီး မူဆယ်နယ်စပ်မှာ ကျွဲနွားတွေ သောင်တင်နေခဲ့တာပါ။

နှစ်လပိုင်းလောက်ကစပြီး သောင်တင်နေတဲ့ သည်ကျွဲနွားတွေကို အစာကျွေးစရိတ် မတတ်နိုင်တော့တဲ့ အတွက် တရုတ်ကုန်သည်တွေက ဈေးနှိမ်ဝယ်တာကိုပဲ ရောင်းနေကြရတာပါ။ အရင်က ကျပ် ၂၂ သိန်းတန် နွားတစ်ကောင်ကို အခု ကျပ် ၁၆ သိန်းဝန်းကျင်လောက်သာ ရရှိတယ်လို့ သိရပါတယ်။

မကွေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက “အခု အခြေအနေကတော့ တရုတ်က မဝယ်တော့ ဘယ်လိုမှ လုပ်မရဘူး”လို့ ပြောပါတယ်။ တခြားဈေးကွက်ဖြစ်တဲ့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့ကို တင်ပို့မယ်ဆိုပေမဲ့ လက်တွေ့မှာ တရုတ်ဘက်ကို ပို့ရတာလောက် မလွယ်ကူဘူးလို့ ဆိုပါတယ်။ အထူးသဖြင့် ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်တွေကို တင်ပို့ရင် လမ်းထောက်တာတွေ၊ စစ်ဆေးမှုအပိုင်းတွေမှာ အခက်အခဲဖြစ်တာတွေနဲ့ ကြုံတွေ့ရတယ်လို့ သိရပါတယ်။

ဦးသန်းထွန်းဦးက "အရင်တုန်းက ၈၀၀၀၊ ၁၀,၀၀၀ လောက် သွားနေတာ၊ အခုမရှိသလောက်ဖြစ်သွားပြီ"လို့ ပြောပါတယ်။ ကွဲနွားတင်ပို့မှုမှာ အစိုးရအနေနဲ့ တရုတ်နဲ့အမြန်ဆုံး အမ်အိုယူရေးထိုးနိုင်ဖို့ လိုအပ်ပြီး ကွဲနွားရောင်းချတဲ့နေရာသီးသန့် ရှိဖို့လည်းလိုနေတယ်လို့ သိရပါတယ်။ ဦးသန်းထွန်းဦးက "မူဆယ်မှာ အခုရောင်းရတာက ပြောမယ်ဆိုရင် မြို့တစ်မြို့ရဲ့ဈေးတစ်ခုမှာ တရားဝင်ဆိုင်ခန်းနဲ့ ရောင်းရရင်တော့ ပိုကောင်းတာပေါ့၊ အခုက ဟိုမှာ ပျံ့ကျဲသဘောမျိုးသွားဖြစ်တာပေါ့"လို့ ပြောပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အစိုးရအနေနဲ့ ကွဲနွားတင်ပို့မှုပိုင်းမှာ တရုတ်နိုင်ငံနဲ့ အမ်အိုယူ ရေးထိုးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေက ဇုန်ထားရှိရမယ့်နေရာတွေ၊ သတ်မှတ်ချက်ညှိနှိုင်းတာတွေ ဆက်လက်ဆောင်ရွက်နေတယ်လို့ ပြောဆိုထားပါတယ်။

ပြီးခဲ့တဲ့နှစ်ကတော့ တရုတ်ဘက်ကို ကွဲနွားတင်ပို့မှု လွယ်ကူချောမွေ့ခဲ့တဲ့အတွက် နိုင်ငံရဲ့ပို့ကုန်ဝင်ငွေလည်း သိသိသာသာတိုးတက်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။ ပြည်ပကို ကွဲနွားအများဆုံး တင်ပို့နေတဲ့ဒေသကတော့ မကွေးတိုင်း ဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-33328

## ထန်းရည်မှ အချိုမှုန့်အစားထိုး ဟင်းခတ်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချမည်

မြန်မာနိုင်ငံတွင် ထန်းရည်မှချက်လုပ်ရရှိသည့် အနှစ်အား အချိုမှုန့် အစားထိုးဟင်းခတ်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချရန် ဆောင်ရွက်နေကြောင်း ထန်းချစ်သူများအသင်းက သိရသည် ။

ထိုသို့ ဟင်းခတ်မှုန့် ထုတ်ရာတွင် ထန့်လျက်နံ့ မထွက်စေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး လုပ်ငန်းမှတ်ပုံတင်ပြုလုပ်၍ ဖြန့်မည်ဖြစ်ကာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံချက်ပါ ဆက်လက်ရယူသွားမည်ဖြစ်ကြောင်း သိရသည် ။

"ယိုးဒယားမှ အောင်မြင်နေတဲ့ အုန်းရည်ကနေ ဟင်းခတ်အချိုမှုန့် ထုတ်သလို စမ်းသပ်လုပ်ဆောင်ကြည့်တာပါ ။ ထန်းလျှက်နံ့ ထွက်ရင် အဆင်မပြေတဲ့အတွက် ထန်းလျှက်နံ့ မထွက်အောင် လုပ်ရပါတယ်။" ဟု ထန်းချစ်သူများအသင်းမှ ဦးမောင်မောင်စိုးက ပြောသည် ။

ထန်းရည်မှ အချိုမှုန့်အစားထိုး ဟင်းခတ်ပစ္စည်း ထုတ်လုပ်မှု အောင်မြင်ပါက ထန်းတက်တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး အချိုမှုန့်အစားထိုး သုံးစွဲနိုင်မည်ဖြစ်သည် ။ ထန်းရည်ကတဆင့် ချက်လုပ်ရရှိသည့် အနယ်အနှစ်မှာ နိုင်ငံတကာဈေးကွက်၌ ဈေးနှုန်းမြင့်မားပြီး မြန်မာနိုင်ငံပြည်တွင်းဈေးကွက်၌ ကြံမှထုတ်လုပ်သည့် သကြားထက် ဈေးကြီးသော်လည်း ပြည်တွင်းမှ ထုတ်လုပ်သည့်အတွက် အများသုံးစွဲနိုင်ရန် သက်သာသည့် ဈေးနှုန်းဖြင့်ဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်ကြောင်းသိရသည် ။ ယခုလက်ရှိတွင် တစ်ရက်လျှင် ၄၀၀ ဂရမ်ပါ အနှစ်ဗူး ၁၅၀ ခန့်စမ်းသပ်ဖြန့်ဖြူးလျက်ရှိကြောင်း ထန်းချစ်သူများ အသင်း ကသိရသည် ။

**Source:** https://www.facebook.com/a9biz/

## နယ်စပ်မှ သကြားများ တရားမဝင် ဝင်ရောက်နေမှုကြောင့် ပြည်တွင်းသကြား ဈေးကွက် အေးနေ

ထိုင်းနိုင်ငံနှင့်မြဝတီဘက်မှ သကြားများ တရားမဝင် ဝင်ရောက်နေမှုကြောင့် ယခုနှစ်အတွင်း သကြားဈေးကွက်အေးကာ အကျပိုင်းဖြင့် ရပ်တန့်နေကြောင်း မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဌ ဦးဝင်းဌေး၏ ပြောဆို ချက်အရ သိရသည်။

"သကြားမှောင်ခိုတွေက မြဝတီဘက်ကနေ ကြိုးကြား ကြိုးကြား ကားအစီးလိုက် ဝင်ရောက်နေပါတယ်။ ဒါကြောင့် သကြားဈေးတွေကျတော့ ပြည်တွင်းသကြားစက်တွေရော တောင်သူတွေပါ ထိခိုက်တယ်" ဟု ဦးဝင်းဌေးက

ပြောသည်။



ယခင်က သကြားတစ်ပိဿာ ငွေကျပ် ၁၂၀၀ ရှိခဲ့ရာမှ ယခု ငွေကျပ် ၁၀၀၀ ဝန်းကျင်သာ ဈေးနှုန်းရှိသည်။ ထို့ပြင် ပြည်တွင်း ထုတ်လုပ်မှု တိုးတက်လာခြင်း၊ ယမန်နှစ်က တင်သွင်းထားသည့် Re-export သကြားများ ကုန်အောင် မရောင်းချနိုင်သေးခြင်း၊ လုပ်ငန်းသုံး သကြားများရှိနေခြင်း၊ နယ်စပ်မှ တရားမဝင် ဝင်ရောက်မှုများ ရှိနေခြင်းတို့ကြောင့် ရောင်းလိုအားများကာ ဈေးနှုန်းကျဆင်းနေခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က သကြားဈေးကောင်းသည့်အတွက် ကြံတိုးချဲ့ စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းနိုင်မည့်အပြင် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းကလည်း တရုတ်နိုင်ငံသို့ သကြား တင်ပို့မှု ရပ်ဆိုင်းထားရသောကြောင့် ပြည်တွင်း၌သာ သကြားရောင်းချအားရှိသဖြင့် ပြည်တွင်းသကြားဈေးများ ကျဆင်းနေကြောင်း သိရသည်။

ပြည်ပမှ လုပ်ငန်းသုံးနှင့် ပြန်လည်တင်ပို့ကုန်အဖြစ် Re-export သကြားတင်သွင်းခွင့်ဟူ၍ လိုင်စင်နှစ်ခုဖြင့် တင်သွင်းခွင့် ပြုထားရာ ပြည်တွင်းဒေါ်လာဈေး မြင့်တက်လာမှုများကြောင့် Re-export လိုင်စင်ဖြင့် သကြား တင်သွင်းခွင့်ကို ယခင်လများက ပိတ်ထားခဲ့ရာ လတ်တလောတွင် လုပ်ငန်း သုံးလိုင်စင်ဖြင့် သကြားတင်သွင်းခွင့်သာ ရှိတော့ကြောင်း သိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1938-sugar-market.html

## STOCK EXCHANGE (10.5.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,500 | 12,000 | 8,363 | 101,441,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,200 | 3,150 | 10,057 | 31,688,000 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,500 | 7,500 | 7,000 | 98 | 709,800 | 10,400,986 | 76,967 |
| FPB | 00004 | 23,000 | +1,000 | +4.55% | 22,500 | 23,000 | 22,500 | 103 | 2,342,500 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 4,030 | 12,090,000 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 452.99 | +12.18 | +2.76% | 451.94 | 464.20 | 451.94 | 22,651 | 148,271,300 | 5 | 618,443 |

### Index chart





## Market Overview

As of 12:00 pm, 10th May. 2019

| MYANPIX | 458.97 ▲ 18.16 |
|---|---|
| Total Volume (shares) | 14,847 |
| Total Value (MMK) | 95 mil |
| Listed Company | 5 |
| Market Cap. (MMK) | 626,603 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,500 | ▲ 1,000 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,000 | ▼ 400 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 50 |